# အနောက်တိုင်း ဂိုဏ်းကွဲမှု

အနောက်တိုင်း ဂိုဏ်းကွဲမှု သို့မဟုတ် ပုပ်ရဟန်းများ ဂိုဏ်းကွဲမှုသည် လက်တင် ခရစ်ယာန် ဘာသာဝင်များ အကြား အေဒီ ၁၃၇၈ မှ ၁၄၁၇ အထိ ကာလရှည်လျားစွာ ဖြစ်ခဲ့ပေသည်။ ၎င်းသည် ရောမ အကြည့်ဒေသ (စီရင်စု)အား နှစ်ခု သို့မဟုတ် ထိုထက်ပို၍ ရှင်းလင်းချက်နှင့် ပုပ်ရဟန်းရာထူးအား ကိုင်စွဲမှုနှင့် စပ်လျဉ်းသော ပဋိပက္ခတို့ကြောင့် ဖြစ်ခဲ့ရပေသည်။ ၎င်းသည် ဩဝါဒဆိုင်ရာ ပဋိပက္ခထက် နိုင်ငံရေးဆိုင်ရာ အာဏာလုမှု ကြောင့် ဖြစ်သည် ဆိုခြင်းမှာ ပို၍ သဘာဝကျပေသည်။

အေဒီ ၁၃၀၉ ခုနှစ်တွင် ပုပ်ရဟန်းမင်း ကလီးမင့် (၅) သည် နိုင်ငံရေး ဆုံးဖြတ်ချက်ဖြင့် ပြင်သစ်ပြည် တောင်ပိုင်း အဗင်ဂ်နွန်သို့ ပြောင်းရွှေ့ခဲ့၍၊ ထို၌ ဆရာကြီးတစ်ဆူ လုပ်နေခဲ့ပေသည်။ ရောမထက်ပို၍ ပုပ်ရဟန်းမင်းများ သည် အဗင်ဂ်နွန်တွင် ၆၉ နှစ်ကြာ သီတင်းသုံးခဲ့ပေသည်။ ဤသည် ရှုပ်ထွေးပွေလီမှု ဝရုန်းသုန်းကား ဖြစ်စေ သော ရှင်းလင်းသေချာသည့် အကြောင်းခံ မရှိချေ။ သို့သော် ရောမအား လက်ထောက် ဘုန်းကြီး မရှိစေခြင်းဖြင့် ဂုဏ်သိက္ခာနှင့် ဩဇာအာဏာ သေးသိမ်သွားရန် အတွက် နိုင်ငံရေးဩဇာ မလိုမုန်းတီးမှုသာလျှင် ရှိပေသည်။ ပြင်သစ်လူမျိုး ပုပ်ရဟန်းမင်း ဂရီဂိုရီ (၁၁) သည် အေဒီ ၁၃၇၈ တွင် ရောမသို့ ပြန်သွားခဲ့သော်လည်း၊ အီတလီ နှင့် ပြင်သစ်တို့၏ အုပ်စုဖွဲ့မှုများမှာ ပြင်းပြင်းထန်ထန် တိုက်ခိုက်နေခဲ့ပေသည်။ အထူးသဖြင့် သူ့၏ သေဆုံးခြင်း နောက်ဆက်တွဲ ပြသနာမှာ ပို၍ ကြီးခဲ့ပေသည်။ အေဒီ ၁၃၇၈ တွင် နစ်ပါယ်လ်မှ အီတလီ ပုပ်ရဟန်း အာဘန် (၆) အား လက်တွင်းကြိတ် ရွေးချယ် ခဲ့ပေသည်။ ရုံးတွင် သူ၏ ခေါင်းမာမှုများက ပြင်သစ်လူမျိုး ရွေးချယ်ခွင့် ရှိသည့် ဘုန်းကြီးများကို ကြည်ဖြယ်စေခဲ့၍ သူတို့သည် သူတို့၏ လျှို့ဝှက်ဆွေးနွေးမှုများကို ပြုလုပ်ခဲ့ကာ၊ ယခင်က ရွေးကောက်မှုမှာ တရားမဝင်တော့ကြောင်း အဓိကရုန်းပြုလျှက် အကြပ်ကိုင် ဆုံးဖြတ်ခဲ့ပေသည်။ သူတို့သည် သူတို့ကိုယ်ပိုင် ဂျီနီဗာမှ ရောဘတ်အား ရွေးချယ်ခဲ့၍၊ ၎င်းက ပုပ်ရဟန်းမင်း ကလီးမင့် (၇) ဟု အမည် ကို ယူခဲ့သည်။ အေဒီ ၁၃၇၉ တွင် သူသည် အဗင်ဂ်နွန် နန်းတော်သို့ ပြန်ခဲ့ချိန်တွင် ရောမ၌ ပုပ်ရဟန်းမင်း အာဘန် (၆) မှ ကျန်ရှိနေပေသည်။

နှစ်ပေါင်းလေးဆယ်နီးပါး ပုပ်ရဟန်းမင်းဆိုင်ရာ ပလ္လင်နှစ်ခုနှင့် ပုပ်ရဟန်းရွေးချယ်နိုင်သော ဘုန်းကြီး အုပ်စု နှစ်ခု ရှိခဲ့ပေသည်။ အုပ်စုတစ်ခုစီမှ ရောမနှင့် အဗင်ဂ်နွန် တွင် ပုပ်ရဟန်းမင်း ကွယ်လွန်သော အခါ လစ်လပ်နေသော နေရာအတွက် ကိုယ်ပိုင် ပုပ်ရဟန်းမင်း ကိုယ်စီအား ရွေးချယ် တင်မြှောက်ခဲ့ပေသည်။ ပုပ်ရဟန်းမင်း ကိုယ်စီက ပုပ်ရဟန်းမင်းများအား ဖြုတ်နိုင် ထုတ်နိုင် နိုင်ငံရေး ကစားနိုင်သည့် ဘုရင်နှင့် အိမ်ရှေ့မင်းသားများအား (မိမိ ထောက်ခံသည့် သူ ဘုရင်ဖြစ်ရန်) ထောက်ခံရန် လော်ဘီလုပ် (ဝါဒ ဖြန့်ချီ ဆော်ဩ) ခဲ့ပေသည်။ ဤအကြောင်း ကိစ္စအား ဖြေရှင်းရန် အေဒီ ၁၄၀၉ တွင် ပစ်ဇာ ၌ သံဃာယနာ တစ်ခု ကျင်းပခဲ့ပေသည်။ ဤသင်္ဂါယနာမှ နှစ်ဘက်စလုံး တည်ရှိနေသော ပုပ်ရဟန်းများကို ဂိုဏ်းကွဲသူများ (ရောမမှ ဂရီဂိုရီ ၁၂ နှင့် အဗင်ဂ်နွန်မှ ဘင်န ဒက် ၁၃ တို့ကို) အဖြစ် ကြေငြာပြီး အလက်ဇန်းဒြား (၅) ကို ပုပ်ရဟန်းမင်း အသစ် ခန့်အပ် ခဲ့ပေသည်။ သို့သော် တည်ရှိနေသော ပုပ်ရဟန်းများက နှုတ်ထွက်ရန် ငြင်းဆန်ခဲ့ရာ ပုပ်ရဟန်းမင်း နေရာမှာ (၃) ခု ဖြစ်သွား ခဲ့ပေသည်။ အခြားသော သံဃာယနာ ဖြစ်သည့် ကွန်စတင့်စ် သံဃာယနာကို ၁၄၁၅ တွင် ကျင်းပခဲ့ပေသည်။ ၁၄၁၅ ခု မတ်ချ်လတွင် ပစ်ဇန် ပုပ်ရဟန်းမင်း ဂျွန် (၂၃) ကွန်စတင့်စ်မှ ထွက်ပြေး ပျောက်ကွယ်သွားပြီး၊ သူ့အား ထောင်ကျသား အဖြစ် ပြန်ခေါ်လာကာ မေလတွင် ရာထူးမှ ချခဲ့ပေသည်။ ရောမ ပုပ်ရဟန်း ဂရီဂိုရီ ၁၂ သည် ဂျူလိုင် လတွင် သူ့ကိုယ်သူ နှုတ်ထွက်ခဲ့ပေသည်။ အဗင်ဂ်နွန် ပုပ်ရဟန်း ဘင်နဒက် ၁၃ သည် ကွန်စတင့်စ်သို့ လာရန် ငြင်းဆိုခဲ့၍ ရာထူးမှ နှုတ်ထွက်ခြင်းကိုလည်း လက်မခံခဲ့ချေ။ နောက်ဆုံးတွင် သံဃာယနာမှ သူ့အား ၁၄၁၇ ဂျူလိုင်လတွင် ရာထူးမှ ထုတ်ပါယ်ခဲ့ပေသည်။ ကွန်စတင့်စ် သံဃာယနာသည် နောက်ဆုံးတွင် ပုပ်ရဟန်း မင်းအား ထောက်ခံသော အုပ်စု ဆန့်ကျင်သော အုပ်စုများကို ရှင်းလင်းပစ်ပြီး ပုပ်ရဟန်းမင်း မာတင် (၅) အား ပုပ်ရဟန်းမင်းကြီးအဖြစ် နိုဝင်ဘာလတွင် ရွေးကောက်ခဲ့ပေသည်။

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com